**Press Release**

## ၂၀၁၈ ခုနှစ်၏ ငါးသန်းမြောက်ခရီးသည်ကို
## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် All Nippon Airways (ANA) တို့မှ ကြိုဆို

- *ကံထူးရှင်ခရီးသည်မှ မြန်မာငွေကျပ်တစ်သန်း နှင့် မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို လက်ခံရရှိခြင်း။*

**ရန်ကုန်- နိုဝင်ဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်** - မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် All Nippon Airways (ANA) flight NH813 ဖြင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှ ရန်ကုန်သို့ ရောက်ရှိလာသော ၂၀၁၈ ခုနှစ်၏ ငါးသန်းမြောက်ခရီးသည်ကို ယနေ့ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကြိုဆိုခဲ့ပါသည်။

ဂျပန်နိုင်ငံသားကံထူးရှင်ခရီးသည် Mr. Yuji Terauchi ကို ယနေ့ ညနေ ၃ နာရီ ၅၆ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌ ဦးရန်ဂင်း၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီဥက္ကဌ ဦးမြင့်ဒွေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများ နှင့် ANA လေကြောင်းလိုင်းမှ တာဝန်ရှိသူများမှ ဂမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုခဲ့ပါသည်။




*၂၀၁၈ ခုနှစ်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ငါးသန်းမြောက် ခရီးသည်* Mr. Yuji Terauchi *(ပန်းစည်းဖြင့်/ဂျပန်နိုင်ငံသား)အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် All Nippon Airways မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်*

ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အနေဖြင့် Mr. Yuji Terauchi အား မြန်မာငွေကျပ်တစ်သန်းနှင့် အခြား မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ ခရီးသွားအသုံးအဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အဆိုပါ ခရီးသွားအသုံးအဆောင်ပစ္စည်းများတွင် နေပြည်တော်ရှိ Horizon Lakeview Hotel and Resort ၌ နှစ်ညတာအခမဲ့ အနားယူခွင့်၊ Samsonite travel luggage ၊ Artisan made-in-Myanmar bag ၊ Samsonite passport holder ၊ JBL wireless headphones အစရှိသော ခရီးသွားအသုံးအဆောင်ပစ္စည်းများ ပါဝင်ပါသည်။ ခရီးစဉ်တစ်ခုတည်းတွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကိုလည်း duty-free voucher များ နှင့် ကံစမ်းမဲဘောင်ချာများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

JTB Polestar Co.,Ltd မှလည်း ကံထူးရှင်ခရီးသည်အား ပုဂံ အသွားအပြန် လေယာဉ်လက်မှတ် နှင့် ပုဂံတွင် နှစ်ညအခမဲ့တည်းခိုခွင့်များအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကံထူးရှင်ခရီးသည် Mr. Yuji Terauchi မှ "ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ လေးသန်းမြောက်ခရီးသည်ကြိုဆိုတဲ့ အခမ်းအနားမှာ ကံထူးရှင်ဖြစ်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ မြန်မာနိုင်ငံရဲ့အပြည်ပြည်ဆိုင်ရာဝင်ပေါက်တစ်ခုဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ဝန်ဆောင်မှုတွေကလည်း စိတ်ကျေနပ်စရာပါပဲ။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ ဒီ့ထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာပြီး ကျွန်တော့လို ခရီးသွားတွေအတွက် ပျော်ရွှင်စရာခရီးသွားအတွေ့အကြုံတွေ ဖန်တီးပေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

Yangon Aerodrome Company Limited ၏ Chief Operating Officer ဖြစ်သူ Mr. José Angeja မှလည်း "၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှာ ၂၀၁၈ ခုနှစ်ရဲ့ ငါးသန်းမြောက်ခရီးသည်ကို ကြိုဆိုခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ ၂၀၁၇ ခုနှစ်မှာ ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ကြိုဆိုဝန်ဆောင်မှုပေးခဲ့ပြီး ဒီနှစ်မှာ အဲ့ဒီထက် များပြားတဲ့ခရီးသည်ပမာဏကို ကြိုဆိုဝန်ဆောင်မှုပေးရမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့ရဲ့ အထူးသင်ကြားလေ့ကျင့်ပေးထားတဲ့ လေဆိပ်ဝန်ထမ်းတွေနဲ့ ခေတ်မီစက်ကိရိယာတွေကို အသုံးပြုပြီး နိုင်ငံတကာအဆင့်မီလေဆိပ်တစ်ခုအဖြစ် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးအတွက်လည်း စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီနေ့လို အခမ်းအနား အစီအစဉ်တွေဟာ ကျွန်တော်တို့ရဲ့ မိတ်ဖက်လေကြောင်းလိုင်းတွေနဲ့လေဆိပ်အသုံးပြုသူခရီးသည်တွေအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်ချက်တွေထဲက တစ်ခုပါပဲ။" ဟု မှတ်ချက်စကားပြောကြားခဲ့ပါသည်။

- END –

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဂန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဂသော နိုင်ငံတကာအဆင့်မီဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်၊ ဒူဘိုင်း၊ ဒိုဟာ၊  ဘေကျင်း၊ ဟောင်ကောင်နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဂေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၇ ခုနှစ်  အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။